

ခင်ဆွေဦး

# ရွှေပြည်ကိုသာ
# လွမ်းတော့သည်

# အမှာစာ

စာဖတ်သူ အမြောက်အမြားပင် “ဒို့တိုင်းဌာနီ” ကဲ့သို့ ဝတ္ထုမျိုး ရေး လာပါဦးဟု စာများ ဖြင့် တိုက် တွန်းခဲ့သည် မှာ ကြာခဲ့ပေပြီ။ “ဒို့တိုင်းဌာ နီ” သတ္တုမှာ ဇာတ်လမ်းထက် “နောက်ခံ” ကို အားပြုသောဝတ္ထု ဖြစ် သောကြောင့် နိုင်ငံသမိုင်း သုတေသနဆန်ဆန် ဝတ္ထုဟု လည်း ဆိုနိုင်ပါ သည် ။ တကယ့်အဖြစ်အပျက် နှင့် စပ်ဟပ်၍ ရေးခဲ့ခြင်း ဖြစ်သည် ။

ထို့ကြောင့် ပရိသတ်များ တောင့်တချက်အရ “ရွှေပြည်ကိုသာ လွမ်း တော့သည် ” ကို ကြိုးစား၍ ရေး ကြည့်ပါသည် ။ ကျွန်မ ရေးခဲ့သော လုံး ချင်းဝတ္ထုများ အနက် အခက်ခဲဆုံးနှင့် အကြိုးစားရဆုံးဟု ဆိုရပါ မည်။ ကျွန်မ လက်လှမ်းမမီသောခေတ်ကို နောက်ခံ၍ ရေးသားရာ၌ အတတ် နိုင်ဆုံး အမှန်နှင့်နီးစပ်အောင် ညှိယူခဲ့ရပါသည် ။

အချက်အလက်များ ရှာဖွေရာတွင် လူပုဂ္ဂိုလ်တို့ အား စုံစမ်းမေးမြန်းခြင်း (INTERVIEW)၊ ကြည့်ရှု လေ့လာမှတ်သားခြင်း (OBS ERVATION)၊ စာအုပ်စာတမ်းဖတ်ရှုလေ့လာခြင်း (STUDY) စသည့် နည်း များ အားဖြင့် အတတ်နိုင်ဆုံး ကောင်းသည် ထက် ကောင်းမွန်လာအော င် တင်ပြထားပါသည် ။

ထို့ပြင် ရရှိသာပုံကြမ်းကို ဝတ္ထုပီသ၍ အနုပညာဆန်ဆန် သရုပ်ပီပြ င်သော ရသမျိုးကို စာရှုသူတို့ ခံစားနိုင်ကြရန် ဘယ်လိုရေးရကောင်းမှန်းမသိသည့်အတွက် ကျွန်မ၏ ရည်ရွယ်ချက် ထမြောက် အောင်မြင်ပြီဟု လည်း ဝမ်းသာဝမ်းမြောက် ဖြစ်မိပါသည် ။

အနော်ရထာလက်ထက်တွင် လည်းကောင်း၊ တပင်ရွှေထီး၊ ဘုရင့် နောင်လက်ထက်တွင် လည်း ကောင်း၊ အလောင်းဘုရားလက်ထက်တွင် လည်းကောင်း၊ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ နိုင်ငံရေးခေါင်း

ဆောင်များ ၊ လက်ထက်တွင် လည်းကောင်း လေးကြိမ်တိတိ မြန်မာနိုင်ငံကို စည်းရုံးတည်ထောင်ကြရာ၌ တတိယမြန်မာနိုင်ငံဖြစ်သော အလောင်းဘုရားလက်ထက်တွင် အဘယ်မျှ ခက်ခဲခဲ့သည် ကို ရာဇဝင် သုတေသီတိုင်း သိရှိကြပါသည် ။

တောင်သူလယ်သမားမှ အစပြု၍ တိုင်းပြည်စည်းရုံးရေးကို အဘယ်မျှ ကြိုးပမ်းခဲ့ရသည် ၊နိုင်ငံ သမိုင်းခေတ်တစ်ခေတ် မြန်မာ့ဦးစွန်း ထူထောင်ရာတွင် သွေးခြင်းခြင်းနီလျက် ဆောင်ရွက်ခဲ့ရသည် ဆိုသည်များကို ဖတ်ရင်း သိရှိပါလိမ့်မည်။

ဤ၀တ္ထုရေးရန် ရွှေဘို၊ ခင်ဦးမြို့၊ ဝက်လက်၊ စည်ပုတ္တရာ၊ ဟန်လင်းကြီး၊ ဆားတောင်၊ အုန်းတော၊ စစ်ကိုင်း၊ ရွှေကြက်ယက်၊ ခဝါတော်၊ အင်းဂနှင့်တကွ ပြည်၊ သန်လျင်၊ ဒလ၊ ပဲခူး ကျိုက်ပဒိုက်ရွာများသို့ သွားရောက်လေ့လာခဲ့ရာ ရွှေဘိုမြို့ ကျောက်ကာဆရာတော်အား လည်းကောင်း၊ ရွှေဘိုခရိုင် ဆည်အရေး ပိုင် ဦးအေးခအားလည်းကောင်း၊ ရွှေဘို နိုင်ငံတော်စိုက်ပျိုးရေးဘဏ် စာရေးကြီး ဦးဘို၊ ဦးသုခ၊ ကားပိုင်ရှင် ဦးဝင်းသန်းတို့ အားလည်းကောင်း စည်းပုတ္တရာမှ ရှေ့နေကြီး ဦးမောင်ကြီးအား လည်းကောင်း၊ ဟန်လင်းကြီးမှ ကျေးရွာကော်မတီလူကြီး ဦးငြိမ်းအားလည်းကောင်း၊ ရွှေကြက်ယက်မှ ဦးလေးကျောင်း ဒေါ်ဒေါ်မလှမေအား လည်းကောင်း၊ အင်းဂမှ ဘုရားလတ်အထက်တန်းကျောင်း ဆရာတော် ဦးပရမအား လည်းကောင်း လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ကြောင်း မှတ်တမ်းတင်အပ်ပါသည် ။

၀တ္ထုကို ဖတ်၍ကောင်းစေရန် ထည့်သုံးသော ကုန်းဘောင်ခေတ်ပေါ် သီချင်း ဟုတ်၊ မဟုတ် မသေချာသည့် သီချင်းအချို့အတွက်ကိုမူ ခွင့်လွှတ်ပါရန် တောင်းပန်ပါသည် ။

ကျွန်မရေးခဲ့သမျှ ဝတ္ထုများကို အထူးအားပေးခဲ့ကြသော ကျွန်မ၏ စာဖတ်ပရိသတ်များအား ဤ ဝတ္ထုဖြင့် ကျေးဇူးဆပ်ပါသတည်း။

**သာယာရွှင်လန်းကြပါစေ။**

**ခင်ဆွေဦး**

၂-၁၂-၆၇

# ရွှေဘိုမြင်းရယ်လေး၊ ခွာသံပြင်းတယ်လေး

## (၁)

ကောဇာသက္ကရာဇ် ၁၁၁၄၊ ကဆုန်လပြည့်ကျော် ၁ ရက်နေ့။

(ခရစ်နှစ်) ၁၇၅၂၊ မေလ)

ချိန်နာရီတွင် အညီထူးဆန်းပွင့်စပန်းတို့ သည် ရာသီကိုလင့် ခါကိုချ င့်၍ ငုံအာရင့်တော့သည် ။

မုဆိုးဘိုရွာ၌ ကား အထူးသဖြင့် ပင်လျှော်ဖြူ၊ ရွှေစံကားနှင့် ငွေသားမြ ပုံပမာ ဖြူနီဝါစိမ်းရောင်လွှမ်း သော တရုတ်စံကားပွင့် လေး မျိုးတို့ သည် ပင်လုံးညွတ်မျှ ထူးထွေစွာ ပွင့်တော့သည် ။

“ငမျိုးစံငယ်”

တစ်စုံတစ်ယောက်သောသူအား ငမျိုးစံ၏ ပခုံးကို ဖျက်ခနဲပုတ်လို က်သည် ။ ငမျိုးစံ၏ ရင်ထဲတွင် ဘယ်သို့မသိ၊ ဒိတ်ခနဲခုန်သွားတော့သ ည် ။ သို့သော် တည်ကြည်သော မျက်နှာထားနှင့် လှည့်ကြည့်လိုက်ရာ င သာကျော်ကို ချွေးများ သီးလျက်တွေ့ရသည် ။ သာကျော်၏ ရင်မှာ နိမ့် ချည်မြင့်ချည် လှိုင်းထ လျက် အသက်ကို ပြင်းပြင်းရှူနေသည် ။ ထို့နော က် စိတ်ပျက်အားလျော့သော မျက်နှာနှင့်ခေါင်းကို ခါယမ်း ပြ လိုက်လေ သည် ။

“ကျုပ်မှာ ယောက်ျားကောင်းစွမ်းရည် မရှိဘူး။ အချည်းနှီးဖြစ်တော့ သယ်။ မြင်းရည်တက် ခြောက် ကျိပ်ရှစ်မှာ ကျုပ်မပါတော့ဘူး။ ရှက်လှ သယ် ငမျိုးစံငဲ့”

“ဘောက်မဲ့ အားလျော့သလဲ ကိုရင်၊ မြင်းရည်တက်ဝင် မဖြစ်ပေသိ

စစ်သားကောင်းတော့ ဖြစ်ရ မယ် မဟုတ်လား။ သည် အချိန်မှာ အကျွန်တို့ အဖို့ ယောက်ျားတိုင်း စစ်သားဖြစ်ရမယ်ဆိုသဟာ ကိုရင်သိ သင့်သာပဲ”

“ကျုပ်က သည် ကနေ့ မြင်းရည်တက်ဝင် ဖြစ်ရမယ်လို့ မျှော်မှန်းခဲ့သား။ ကျုပ်သတိလက်လွတ်ဖြစ် လို့ သာ အပယ်ခံရသာပဲ။ ကျုပ်. . . . ”

သောကျော်သည် မျက်ရည်ယိုတော့မည့် မျက်နှာမျိုးနှင့် ငမျိုးစံကို စိုက်ကြည့်နေသည် ။သောကျော် ကားအသက် (၂၀) ကျော်ခန့်၊ အရပ် (၄) တောင်ခန့် မြင့်မားသည် ။ အသားညိုရင့်ရင့်၊ ရင်ကျယ် ပခုံးကျယ် နှင့် ခံညား၍ ယောက်ျားပီသသော အသင်ရှိလေသည် ။

“ကိုရင် မြင်းစီးလည်း ကောင်းသယ်၊ ဓားခုတ်လှံထိုး ဒိုင်းရေးလွှားရေးလည်း ကျွမ်းကျင်သဟာပဲ မဟုတ်လား ကိုရင်ငဲ့”

ငမျိုးစံက မန်ကျည်းပင်စည်ကို လှမ်းကိုင်ရင်း၊ ပြော လိုက်လေသည် ။ နွေဦးကာလ သီတင်းနှစ်ပတ် ခန့်က ကြွေခဲ့သော မန်ကျည်းရွက်ရင့်နေရာတွင် ရွက်နုများ တက်လျက် စိမ်းစိမ်းလတ်လတ် ကျေးတောင် ဖြန့်သကဲ့သို့ ရှိချေသည် ။ သောကျော်က ညှိုးငယ်သော မျက်နှာနှင့် -

“အိမ် . . . . သဟာကြောင့် ကျုပ်ရှက်မိသာပေါ့။ သည် ကနေ့ကို ဘဇာဖြစ်သယ် မသိ။ စက်ဝိုင်းထဲ လှံလျှင်ပစ်ထည့်သာလည်း တစ်ချက်မှ မမိဘူး။ တစ်ဖက်လူက ကိုင်ထားတဲ့ လှံချွန်ကို ရင်ဂနဲ့ ဆိုင်အတင်းတိုးပြေးတော့လည်း ယောင်မှားလို့ မျက်စိမှိတ်မိသယ်။ အသက်စွန့်တိုးရမှန်းတော့ သိပါရဲ့ ၊ တစ်သက်တစ်ခါ သေရမြဲပဲလို့ ကြောက်စိတ်ကင်းသာတော့ ကျုပ်ကိုယ်ကျုပ် ယုံသယ်။ သာပေသိ. . .”

သောကျော်က စကားကိုဆုံးအောင် မပြောနိုင်ဘဲရှိဆဲ။

“သာပေသိ စိတ်ဖမ်းမငယ်ပါနဲ့ လေ။ အင်းအားကြီးလှတဲ့ ရန်ကို လက်တစ်ဆုပ်စာလောက်သာရှိတဲ့ အကျွန်ုပ်တို့ ယောကျ်ားသားတွေ ထောင်းထောင်းချေဖျက်ချိန် သင့်နေပြီလေ။ မြင်းရည်တက်မှာ မပါရပေသိ လည်း စစ်တော့တိုက်ရမည်သာ။ အကျွန်ုပ်တို့ မှာ ရန်သူတွေ ပတ်ပတ်လည်ဝိုင်းနေသဟာကို ကိုရင်လည်း

အသိသား မဟုတ်လား”

“သဟာကြောင့်မို့ ကျုပ်သက်စွန့်ကြိုးပမ်းချင်သာပေ့ါ။ မုဆိုးဘိုဆိုတာ လူနေနည်းတဲ့ ဒေသပဲ။ မုဆိုးဘိုရဲ့ မြောက်ဘက် တောင်ဘက် အရှေ့ဘက်တို့ မှာ သာ လူအင်အား စစ်အင်အား ခိုင်ဖြိုးသာ. . .”

“အိမ်း... သဟာတောင် အကျွန်ုပ်တို့ ရဲ့ ဦးအောင်ဇေယျ ကြံရည်ဖန်ရည်နဲ့ ကျေးရွာသားများကို စည်းရုံးမိလို့ သာပေါ၊ အဂသား စစ်မှုထမ်းဟောင်းများ ရဲ့ အကူအညီယူပြီး အကျွန်ုပ်တို့ ငယ်ရွယ်သူ တက်လူတွေကို မြန်မာ့စစ်မှုစစ်ရေး သင်သဟာလည်း အလွန်အထမြောက်သယ် မဟုတ်လား”

“ငမျိုးစံငဲ့ ပြောင်းသေနတ် လက်နက်အပစ်အခတ်ကော တတ်မြောက်ပြီလား”

“အရင် သီတင်းပတ်ကလဲ တတ်ခဲ့ပါပြီ”

“အိမ်း ... ကောင်းလှသယ်။ ကြိုးစားပေရော့ . . . . သည် တစ်ခါ မောင်ရင့်အလှည့်ပဲ”

သောကျော်က ငမျိုးစံ၏ ကျောပြင်ကို ဖြန်းခနဲ လက်ဝါးဖြက်ကြီးနှင့် ပုတ်ခတ်၍ သွားလေသည် ။ ငမျိုးစံက စပ်ဖျဉ်းဖျဉ်း ဝေဒနာခံစားရပြီးနောက် သူ့အပါးမှ ရုတ်ခြည်းထွက်ခွာသွားသော သောကျော်အား ပြုံးပြ

ကာ လက်ကိုမြှောက်ပင့်၍ နှုတ်ဆက် လိုက်လေသည် ။

ထို့နောက် မြေတွင် စီလျက် စိုက်ထောင်ထားသော **လုံလျင်***ငါးချောင်းကိုဆွဲနုတ်ကာ မန်ကျည်းပင် စည်တွင် ချည်နှောင်ထားသည့် အုန်းခွံရောင် မြင်းမကိုဆွဲလျက် ပြာသံပေးနေသော လူအုပ်ကြားထဲသို့ တိုးဝင်ခဲ့လေသည် ။

* * * * * * *

## (၂)

မြင်းခွာသံများ သည် ပြင်းလှသည် ။

တစ်ဖက်ကွင်းပြင်၏ မြေတလင်းပြင်တွင် တဒေါက်ဒေါက်နှင့် မြင်းရေးကို လေ့ကျင့်ကြသည် ။ မြန်မာ့ဦးစွန်း စတင်ထူထောင်ရန် အချိန်အခါပေမို့၊ မြင်းတို့ ခွာသံချင်းယှက် ဂေါက်ဂေါက်ဂက်ဂက်နှင့် ဘယ်ညာ မြိုင်မြိုင်ဆိုင်ဆိုင် ချီကြတော့သည် ။ ယောကျ်ားကောင်းတို့ သည် မြင်းစီးကာ ဓားရေးလှံရေး ကျင့်ကြသည် ။

အချို့က ဝါးရင်းတုတ်များ နှင့် သိုင်းကစားကြသည့် နည်းတူ၊ အချို့ကား **အဲမောင်းလှံရှည်** * များကိုင်စွဲလျက် ချိတ်ဆွဲထားသော သစ်သီးတစ်စုံတစ်ရာကို အပြေးလာ၍ ထိုးလေသည် ။ ထို့ပြင် လူမ ပြေးဘဲ လှံကိုလွှတ်၍ ထိုးခြင်းများကို ကျင့်သူက ကျင့်ကြသည် ။

သည် ဘက် ကွင်းမြေတလင်းတွင် မူကား လူရွေးပွဲ၊ သတ္တိစမ်းပွဲကြီးများကို ကျင်းပလျက် တစ်ယောက်ပြီးတစ်ယောက် ရှေ့သို့ထုတ်၍ စိစစ်

ရွှေးချယ်လေသည် ။ ပွဲတွင် တင့်တယ်သော ကိုယ်ဟန်၊ ခံ့ညားသော ရုပ်သွင် တည်ကြည်ခိုင်မြဲသော ဣန္ဒြေမျက်နှာထားရှိသည့် ဦးအောင်ဇေယျကို မြင်လိုက်ရ လျှင်ပဲ ခြေလှမ်းများ မှားမတတ် ဖြစ်ကြရသည် ။ ကျေးရွာသားများ အပေါ် ဩဇာတိက္ကမ ကြီးမားလှသော ဦးအောင်ဇေယျကို ညှိမျှရှိန်ထိတ်ချစ်ကြည်ညိုရသော အကြောင်းအချက်များ လည်း ရှိခဲ့လေသည် ။

"ငမျိုးစံ"

"ငမျိုးစံ"

စီမံကြီးကြပ်သူတစ်ဦးက လေသံကိုမြှင့်၍ ခေါ်လိုက်သည် ။ ငမျိုးစံသည် လုံလျှင်များကို ပိုက်လျက် မြင်းမငယ်ကို ဆွဲကာ ကွင်းပြင်ရှေ့သို့ တိုးလာရင်း ကြီးကြပ်သူရှေ့တွင် စုံရပ်လိုက်ပြီး -

"အသင့်ရောက်ကြောင်းပါ"

ယင်းသည် အကြိုက်ဝယ် ဩဘာသံများ သည် တစ်ခဲနက် ဆူညံသွားရာ ငမျိုးစံအဖို့ သွေးရဲရန်ဖန် တီးပေးသကဲ့သို့ ရှိတော့သည် ။

"ယင်းမာကန်က ငမျိုးစံဟေ့ . . . .ငတို့ ယင်းမာကန် . . . . ငတို့ ယင်းမာကန်"

ငမျိုးစံသည် ဘယ်လက် နှင့် သျှောင်မှ ပြေကျနေသောဆံကို ရစ်ပတ်လိုက်ကာ ပိုးသေးမည်ပါ ခေါင်းပေါင်းပြားကို ပွဲကြည့်သူတစ်ဦးအား လှမ်းပစ်ပေးလိုက်သည် ။ ကရင်ပိတ် ပုဆိုးစိမ်းကို အောက်ပိုး ကျိုက်လျက် ခါသာဖျင် အင်္ကျီလက်ကို လက်မောင်းရင်းရောက်အောင် ပင့်တင် လိုက်လေသည် ။

"ကြည့်စမ်းပ။ အရုပ်အမောင်းတော့ သင့်ရဲ့ ၊ လူပုံမနွဲ့လွန်းဘူးလား။

ဟာဟ. . . . အဲမောင်လုံကိုမှ နိုင်ပ့ါမလား”

လူအုပ်ထဲမှ ရပ်လျက် ဝေဖန်သူက ဝေဖန်၍ -

“အံမာ... ကိုရင်တို့ ဟန်လင်း၊ မုဆိုးချုံသားများ လို လူကောင်ကြီးကြမ်း မဟုတ်ပေသိ ကျုပ်တို့ ယင်းမာကန်သားများ လည်း လက်ရုံးရည် စွမ်းပါသယ်။ ကျုပ်တို့ ကျေးရွာသားလက်ရည် မကြာခင် သိရ မည်ပ”

“သည် လူငယ် တစ်ဆိတ်စာ မငယ်လွန်းဘူးလား။ တစ်ဆယ့်ခြော က်နှစ်လောက်ပဲ ရှိဦးမည်ထင် သယ်”

“ကြီးငယ် ငယ်သယ် ပဓာန မဟုတ်ပေါင်ပါ။ လက်စွမ်း ထက်သည် သာ ပဓာနပါ။ ဘယ့်ကလောက် မြင်းရေးကောင်းသယ်၊ သတ္တိပြောင်သ ယ် ဆိုတာကို ကြည့်ရင်သိလိမ့်မယ်။”

ထောက်ခံသူကလည်း အသီးသီး ထောက်ခံကြသည် ။

ငမျိုးစံကား ဘာကိုမှ မကြားနိုင်ပါ။ မြင့်နှင့် လုံလျင်များကို ကြီးကြပ် သူတစ်ဦး၏ လက်သို့ အပ်လိုက် လေသည် ။ သူ၏ မျက်နှာထားသည် တည်ကြည်တင်မားနေရာမှ ကြိုးစား၍ ရွှင်ပျှပြုသည် ။ ထို့နောက် ဘာကိုမှ မမှုတော့သလို ပြုံးလိုက်သည် ။ သူ၏ အပြုံးသည် သန္နိဋ္ဌာန်ခိုင် မာ၍ မရွံ့မကြောက်ကာ ရဲဝံ့သော အပြုံးတည်။

ကျွမ်းကျင်သူတစ်ယောက်က ချွန်ထက်သော လုံတစ်စင်းကို လူတစ် ယောက်၏ ရင်ဝနှင့်တိုင်း၍ ချိန်ရွယ် ထားသည် ။ သတ္တိရှိသူ ယောက်ျား ကောင်းသည် အပြေးလာ၍ ထိုလုံချွန်ကို မျက်စိမမှိတ်မရွံ့မကြောက် ရ င်ဝနှင့် အတင်းတိုးရသည် ။

ငမျိုးစံသည် စောင့်ကြပ်ကြည့်ရှုသော ဗိုလ်မှူးတပ်မှူးများ ရှေ့တွင် “

ပြေး” ဆိုသည် နှင့် အတင်းတိုး ၍ ပြေးလာသည် ။ လျင်မြန်သော အဟုန်နှင့် ပြေးတော့သည် ။ ရင်ဂကို ချိန်ရွယ်ထားသော မြမြချွန်သည့် လှံသွားကို မမှိတ်မသုန်စိုက်ကြည့်ပြေးလာရင် သူ့မျက်နှာကား တမင်တင်းထားဟန်မရှိသည့်အပြင် နှုတ် ခမ်းများကား ထောင့်စွန်းကွေးလျက် ပြုံးရိပ်များ ပင် သန်းနေသည် ။

အသက်စွန့်၍ တိုးရသော်လည်း တစ်သက်တစ်ခါ သေမြဲသာဟု မှတ်သည် ။ လှံသွားနှင့်နီးမှ ကျွမ်း ကျင်သော လှံကိုင်သူက လှံကို လျင်မြန်စွာ ဖယ်ပေးလိုက်သည် ။ အကယ်တန်တိ သတ္တိနှင့်တိုးသူ ယောကျ်ားကောင်းအား သွေးစွန်းလျှင် လှံကိုင်သူမှာ အပြစ်မကင်းချေ။

ငမျိုးစံက သက်ပြင်းအချ ပါးစပ်မှ လေမှုတ်ထုတ်ဆဲ တစ်ခဲနက်သြဘာသံများ ဆူညံသွားတော့ သည် ။ “ရဲမြန်မာ့ဟေ့ . . . . ” ဟု အော်သူ အော်၍ “ယင်းမာကန်က ငမျိုးစံ” ဟု ဟစ်သူက ဟစ်ကြလေ သည် ။

“သူတကာလို မျက်နှာထားတင်းတင်း မဟုတ်ဘူး ။ ယင်းမာကန်သားက အပြုံးတောင်မပျက်ဘူး ဟရို့ရဲ့ ။ အာဂ ငမျိုးစံ အံ့စရာ သူငယ်ပေပဲ”

လူကြီးတစ်ယောက်က ဤသို့ မှတ်ချက်ချ လိုက်လေသည် ။

* * * * * * *

## (၃)

ငမျိုးစံသည် ခေါက်တုံ့ခေါက်ပြန် မြင်းကို အပြင်းဒုန်းစိုင်းစီးကာ

မြင်းရေးပြလေသည် ။ မြင်းကို လျှင်လျှင်အပြေးစီးရင်း စိုက်ထူထားသော စက်တိုင်တွင် စက်ဝိုင်းအလယ်တည့်တည့်ကို မှန်အောင် လှံ

လျှင်များ နှင့် ပစ်သွင်းလေသည် ။ လှံလျှင်များ စက်ဝန်းတည့်တည့်ကို စိုက်တိုင်းစိုက်တိုင်း “ဟာ” ခနဲ အာမေဋိတ် အသံနှင့်အတူ ဩဘာသံများ တညံညံပေးကြလေသည် ။

ထို့နောက် ငမျိုးစံသည် မြင်းကို အတင်းစိုင်းလာရာတွင် စောင့်ကြပ်ကြည့်ရှုသူတို့ က မြင်းရှေ့က ရှောက်သီးတစ်လုံး လှိမ့်ပေးစဉ် ငမျိုးစံက အဲမောင်းလှံရှည်နှင့် မိအောင်ထိုးပြီး လှံကိုဝင့်ကာ မြှောက်ပြလိုက်လေသည် ။ ပရိသတ်တို့ သည် လက်ခုပ်လက်ဝါးများ တဖြောင်းဖြောင်း တီးကြသည် ။

မြင်းကို မတ်တတ်ရပ်လျက် တစ်ဖုံ၊ ခြေတစ်ဖက် ထောက်ရပ်လျက် တစ်သွယ်၊ ဘေးတိုက်တွယ် လျက် တစ်နည်း၊ နောက်ပြန်ထိုင်လျက် တစ်ထွေ အမျိုးမျိုး ကျွမ်းကျင်စွာ စီးပြလေသည် ။

ထိုမှ တစ်ဖန် မြင်းပြေစဉ် ငှက်ပျောပင်စည်မှ ဖြတ်လျက် ငှက်ပျောတုံးကို ထောင်၍ ထိပ်ပေါ်၌ ရေထည့်သော ရေအိုးတစ်လုံးကို တင်ထားသည် ။ မြင်းစီးကောင်းသူ ငမျိုးစံသည် မြင်းကို အပြင်း ဒုန်းစိုင်း လာပြန်ကာ ငှက်ပျော်တုံးနား၌ ဓားဝင့်သည် ကိုသာ ရှောင်တခင် တွေ့မြင်လိုက်ရလေသည် ။ ငှက်ပျော်တုံး နှင့် ရေအိုးမှာ ပြကတေ့ ထားမြဲအတိုင်းပင်ရှိလေသည် ။ ရေအိုးမလိုက်သောအခါ ငှက်ပျောတုံးမှာ ထောင် လျက်ပင်ရှိလေသည် ။ လက်နှင့်ဆွဲကိုင် မ လိုက်သောအခါ ထက်ပိုင်းပြတ်နေသည် ကို မြင်ကြရသည် ။

ပရိတ်သတ်တို့ သည် ဦးပေါင်းမြှောက် ကောင်းချီးပေးကြပြန်လေသည် ။ သို့နှင့်ပင် ငမျိုးစံသည် ချွေးနှင့် ဖုန်အလိမ်းလိမ်းကပ်သော ကိုယ်န

င့် ဦးအောင်ဇေယျ ရှေ့မှောက်သို့ ရောက်ရှိလာခဲ့သည် ။ ငမျိုး စံသည် ရိုသေပျပ်ဝပ်သော အမူအရာ နှင့် မြေတလင်းပြင်ပေါ်တွင် ဒူးတစ်ဖက်ထောက်၍ ထိုက် လိုက်လေ သည် ။

ဦးအောင်ဇေယျအနီးတွင် ဦးအောင်ဇေယျနှင့် သက်တူရွယ်တူ တပ်မှူးကြီးတစ်ဦးကားရပ်လျက်.

"မောင်မင်း နာမည်"

"ငမျိုးစံ"

"အသက်ငယ်သေးထင့်"

"တစ်ဆယ့်ရှစ်နှစ် ရှိပါပြီ"

"အိမ်း. . . . ဖိုးအောင်ဇေယျ သားကြီး မောင်လောက်နဲ့ သက်ရွယ်တူပဲ။ မောင်မင်း အသူ့သားလဲ"

တပ်မှူးကား ကွမ်းတံတွေးကို ထွေးပစ်ရင်း သဘောကျနှစ်ခြိုက်စွာမေး လိုက်လေသည် ။

"မုဆိုးမ ဒေါ်ဘုံ့သားပါ"

"ယင်းမာကန် ကျောင်းအမ ဒေါ်ဘုံ့သားပေကိုး။ မောင်မင်းရဲ့ ကွယ်လွန်သူ ဖခင်လည်း တစ်ပါးသူ မှ မဟုတ်ကဘဲ။ အဂ အမှုထမ်းကောင်း ဦးရဲမြ ဟုတ်စ"

"မှန်ပါသယ်"

"အိမ်း. . . . မောင်မင်းဖခင်ကို အဂရွှေနန်းရှင် မဟာဓမ္မရာဇာဓိပတိ ကိုယ်တိုင် "နေမျိုးဂါမဏိ" ဘွဲ့ အပ်နှင်းချီးမြှင့်ခဲ့ရသယ်။ မောင်လည်း မောင့်ဖခင်လို ယောက်ျားကောင်း ပီသတော့သယ်"

ဦးအောင်ဇေယျကား တပ်မှူးမှ တစ်ဆင့် ငမျိုးစံအား “ရဲဆု” ချီးမြှင့်လိုက်လေသည် ။ ဦးအောင်ဇေယျ သည် သက်တော ၃၈ နှစ်ခန့်ရှိပေပြီ။ အသက် ၄ တောင် နီးပါး (၅ ပေ ၁၁ လက်မ) ခန့် မြင့်၏ ။ အသားညိုညိုနှင့် သန်မာ၍ တင့်တယ်ညီညွတ်သော လုံးရပ်သဏ္ဍာန်ရှိလေသည် ။ မျက်နှာသွယ် ၍ ကျောက်ပေါက်မာသဲ့သဲ့ရှိသည် ။ မျက်နှာထား တည်ကြည်မာတင်း၍ တ္တန္တြေနှင့်ပြည့်စုံပေသည် ။

ငမျိုးစံသည် မိမိကိုယ်ကို လေထဲတွင် ပင့်တင်လိုက်ဘိသကဲ့သို့ ရင်ထဲပေါ့ပါးကာ ဦးအောင်ဇေယျ အား တစ်လှည့်၊ တပ်မှူးများအား တစ်လှည့် ငေး၍ ကြည့်ရင်း စိတ်ဝမ်းကြည်နူး သာယာရွှင်မြူးမိသည် ။ သည်တစ်ခါသော် ယောက်ျားကောင်းစွမ်းရည် ပြချိန်သင့်၍ ပြခဲ့ရာမှ ရလဒ်ကြီးကား -

“ငမျိုးစံမြင်းရည်တက်ဝင်ဖြစ်ပြီး။ ယနေ့ဖွဲ့စည်းတဲ့ ရဲဘော်ကောင်းခြောက်ကျိပ်ရှစ်မှာ မောင်လည်း တစ်ဦးအပါအဝင်ဖြစ်ပြီ ။ မြင်းရည်တက်သည် ပြိုင်ဘက်လွတ်ကင်းရဲဘော်သင်းဖြစ်သဟာမို့ သက်စွန့် ကြိုးပမ်း အမှုကို ထမ်းရွက်ရမယ်”

တပ်မှူးက ဤသို့ကြေညာလေသည် ။ မြင်းရည်တက်တွင် နှယ်နှယ်ရရ လူများ ပါသည် မဟုတ်၊ လက်စွမ်းရည် ထက်မြက်သော ဦးအောင်ဇေယျ၏ သားချင်းများ သည် လည်း ပါဝင်ခဲ့သည် ။ မရီးတော် ခင်ကောင်းစံ၏ ခင်ပွန်း **စည်သာမင်းကြီး ဦးစည်းစိမ်***၊ ဦးအောင်ဇေယျ၏ မြောက်သား ခင်ယွန်းစံ (နောင် မိဖုရားခေါင်းကြီးဖြစ်မည့်သူ) ၏ မောင်တော် ဦးအို၊ ဘထွေးတော် မင်းကြီးညိုသူ၊ သား ဦးဆွေနည်၊ အရီးတော်ခင်ပွန်း ဦးပန်း၊ ဘကြီးတော်မင်းကြီးညိုသူသား ဦးနဲ၊ နောင်တော်ကြီး ဦးအောင်ဖြိုးသာ မောင်စံမှတ်၊ ဘထွေးတော် ဦးထွန်းမြ

၏ သား မောင်သွင်၊ ဘကြီးတော် မင်းညိုတင်၏ မြေး မောင်စိန်ငုံ၊ ဘထွေးတော် ဦးညိုသူ စသည် တို့ ပါဝင်လေသည် ။

အထူးသဖြင့် ဦးကောင်းသည် လည်းကောင်း။ ဦးတွန်သည် လည်းကောင်း အဆင့်ဆင့် ဘွဲ့များ ရရှိ ၍ ဦးအောင်ဇေယျစစ်ပွဲ၌ အကျော်ဆုံး စစ်ဗိုလ်ချုပ်ကြီးများ ဖြစ်ကြ၍ မြင်းရည်တက်ဖွဲ့ရာ၌ ပါဝင်ခဲ့သူများ

ဖြစ်၏ ။ ဦးကောင်းသား မင်းကျော်ပုံချို၊ မင်းလှမင်းခေါင်၊ မင်းလှမင်းခေါင်ကျော်၊ မဟာသေနာပတိ၊ အဂ္ဂမဟာသေနာပတိ (သေနတ်ဝန်) ဘွဲ့ငါးကြိမ်ပြောင်းလဲ ရရှိခဲ့သလို ဦးတွန်သည် လည်း သီရိရွှေတောင်၊ မင်းလှရွှေတောင်၊ မင်းလှမင်းခေါင်၊ မင်းခေါင်နော်ရထာဘွဲ့ လေးကြိမ်ရလေသည် ။

ငမျိုးစံသည် မြေကိုနင်းမှန်းမသိ နင်း၍ သာ ထွက်လာမိသည် ။ ဘာကိုမှ မမြင်။ မွှန်ထူ၍ သာနေ သည် ။ ယင်းမာကန်သားတို့ သည် ပရိသတ်ထဲမှ အပြေးထွက်လာလတ်၍ ယင်းမာကန်ရွာခေါင်း ဇေယျရန္တမိတ်ဘွဲ့ရသူအား လည်းကောင်း၊ မြင်းရည်တက် စာရင်းဝင် ငမျိုးစံအားလည်းကောင်း ပခုံးထက် ၌ ထမ်း၍ ပြေးလေသည် ။

ငမျိုးစံသည် နဖူးမှ ကျလာသော ချွေးများကို လက်နှင့်သပ်၍ -

“ဖြည်းဖြည်း အစ်ကိုတို့ ရဲ့ ။ အကျွန်ဆာလှပြီ၊ မနက်စာ ထမင်းတောင် ဘယ်ဆီနေသယ်မသိ”

“ကြောင့်ကြရန်ကော ကိုရင်ငဲ့။ ကျုပ်တို့ မှာ ထမင်းတောင် ညောင်ပင်ရိပ်မှာ နားရင်စားသာပေါ့”

ယင်းမာကန်သားတို့ သည် ညောင်ပင်ရိပ်အောက်ရောက်လျှင် ငမျိုးစံကို အသာအယာချကြသည် ။ ညောင်သပြေရိပ်ဝန်းကား အေးချမ်းလှ

ပေသည် ။ တောင်ပြန်လေညင်းသည် တသွင်သွင်ရိုက်ခတ်လေရာ ခပ်သိမ်းသူကို ဆာပူ ငြိမ်းအေးစေသည် ။

ငမိုးစံသည် ငှက်ပျောဖက်နှင့် ထုတ်ထားသော ချဉ်ပေါင်ရည်ကျဲဆမ်းသည့် ထမင်းကို ယုန်သား ကင်၊ ငါးပိချက်များ နှင့် ကုန်၍ လွေးလေသည် ။

* * * * * * *

---

**လုံကျင်** * = လက်ကလွှတ်၍ ပစ်ထိုး ထိုးနိုင်သောလှံ။

**အဲမောင်းလှံရှည်** * = လက်ကလွှတ်၍ ပစ်ထိုး ထိုးနိုင်သောလှံ။

**စည်သာမင်းကြီးဦးစည်းစိမ်** * = မြည်းရည်တက်ဖွဲ့စဉ်က မင်းကြီး မရှိသေးသော်လည်း ဂဏန်း(၁)တွင် စာရင်းသွင်း၍ ဖွဲ့ထားနှင့်ရသည် ။ မရီးတော် စည်သာမင်းကြီးကို သက္ကရာဇ် ၁၁၁၆ ခု နတ်တော်လဆန်း (၃) ရက်နေ့တွင် မှ မြည်းရည်းတက်စာရင်းဦး သွင်းရသည် ။

# ပန်းပါရလို ပန်းရလျှင်လည်း

"ကိုရင်တို့ များ ဖိတ်မှ ပဲ လာဖော်ရတာ သယ်"

"လာမယ်ရှိ့ပဲဟ . . . . သည် ကနေ့ ကျုပ် . . . "

"ကြားပါသယ်တော်၊ ကြားပါသယ်၊ သဟာကြောင့် ကိုရင် သွေးကြီးနေမင့်ဟာကိုး။ အကျွန် ပြောဖို မလိုပေါင်ပါ"

"ခက်လှပါဘိကွယ် . . . . ရန်ချည်းတွေ့တော့သာကိုး"

ငမျိုးစံသည် ခနော်ခနဲက တဲအိမ်ကလေးမှ ဆင်းလာသူလေးအား မမှိတ်မသုတ် စိုက်၍ သာကြည့် နေမိသည် ။ ပွင့်ဖူးသစ်စ တစ်ဆယ့်ခြောက်နှစ် အရွယ်မို့ နုပျိုလန်းသောအသွင် ရှိလေသည် ။ အသားညို

ညိုညိုပေမယ့် စိမ်းစိုသော အသားအရေက ညက်ညော ချောမွတ်လေသည် ။ အရပ်မြင့်မားသ လောက် ကိုယ်ဟန်က ထွားကျိုင်းကာ အထူးသဖြင့် ကိုယ်ခန္ဓာအောက်ပိုင်းက ရှည်၍ တောင့်တင်းသည် ။

ကဆုန်လပြည့်ကျော်ညတွင် လထွက် လာပြီ ဖြစ်သောကြောင့် လရောင်သည် ပြိုးပြက်ထွန်းလင်း နေသည် ။ လရောင်အောက်တွင် မုဆိုးဘိုရွာသူလေး၏ ပါးပြင်မှ သနပ်ခါးကွက်ကျားသည် ထင်းထင်းဝင်း ဝင်းလေး ဖြစ်နေသည် ။ ပဲစင်အောက်သို့ လှမ်းလာသူသည် ပိတုန်းရောင်ဗျာပါဆံကြီးများ ချလျက် ဆံခွေ ထုံးကာ အယဉ်ထူးလေသည် ။ ဆံထုံးကိုဝိုက်၍ ပန်းထားသော သရဖီပန်းကုံးသည် မွှေးထုံသင်းပျံ့နေသည် ။

နဖူးပြေပြေ၊ နှာတံစင်းစင်းတွင် နှာရောင်တားထားလျက် ညိုမျက်လုံးကြီးများက ဝင့်ကာဝင့်ကာ နှင့် မျက်တော်များကို တဖျတ်ဖျတ်လှုပ်နေအောင် မျက်စိကို ပိတ်ချည်ဖွင့်ချည်ပြုနေသည် ။

"ထိုင်လေ . . . ကိုရင်"

"အိမ်း"

"ကိုရင်သာကျော်ကော ပြန်ပြီလား"

"အိမ်း . . . နေ့လယ်ကပဲ ပြန်မင့်ဟာ၊ အမိတို့ အိမ် ဝင်သေးလား"

"ဝင်သေးသယ်၊ကိုရင်သာကျော်အတွက်အကျွန်စိတ်မကောင်းဘူး။ သူစိတ်ဂမ်းငယ်နေသယ်"

"စိတ်ဂမ်းငယ်စရာ မလိုပေါင်ပါ။ ဘောက်မဲ့ စိတ်ပျက်လွယ်ရသာလဲ မသိ"

"ကိုရင်က အောင်နိုင်သူကိုး၊ ပြောအားရှိတာပေါ့"

"ဘဇာပဲဖြစ်စေ ကျုပ်တို့အားလုံး စစ်သာကောင်းတော့ ဖြစ်ရမည် သာ"

ငမျိုးစံသည် ပြောရင်း ပဲခင်းဘေးရှိ **ဂဲလင်းဆောင်** *တွင် နွားရေခ င်းထားသည့် အပေါ်၌ တင်ပျဉ် ခွေထိုင် လိုက်လေသည် ။ မိန်းမပျိုသည် ငမျိုးစံ၏ ရှေ့တွင် ကွမ်းအစ်နှင့် ဆေးလိပ်တောင်းများကို ချပေး လေသ ည် ။ ငမျိုးစံသည် ဆေးလိပ်တောင်းထဲမှ ဖက်ကို ယူလျက် ဆေးရိုးဆေးကြီးရွက်များ ထည့်ကာလိပ် နေသည် ။

"ကိုရင်"

"ဘဇာတုံး"

"အေးမြ" သည် ဂဲလင်းဆောင်တွင် ထားသော ချားရဟတ်ရှေ့တွင် ထိုင်လိုက်ကာ ချည်ကိုဝင့် လျက် ဗိုင်းငင်လေပြီးမှ ရပ်နား၍ ငမျိုးစံ၏ မျ က်နှာကို စိုက်ကြည့်လိုက်သည် ။ အေးမြ၏ တောက်ပစူးရှ

သော မျက်လုံးဒဏ်ကို မြင်းရည်တက်သား ငမျိုးစံ မခံနိုင်လေ။ မျက်စိကို လွှဲလျက် မြေတလင်းပြင် ကိုသာ စိုက်ငေးနေသည် ။

“ကိုရင်တို့ အကယ်ပင် စစ်ပြုရတော့မည်လား”

“အိမ်း”

ငမျိုးစံက တိုတောင်းစွာပင် ဖြေသည် ။ သို့ပေမင့် သူ့အတွေးများကား ရှည်လျားလှပေသည် ။ သူ၏ အတွေးများ တွင် အချစ်ရေးကိစ္စလည်း ပါ၏ ။ တိုင်းရေးပြည်ရေးလည်းပါ၏ ။ တိုက်ရေးခိုက်ရေးလည်း ပါ၏ ။ ယခုလို အချိန်အခါမျိုး၌ အချစ်ရေးထက် စစ်ရေးကား အခက်ပွေလှသည် ။ ငမျိုးစံကို ငမျိုးစံ မပိုင်ပေ။

၁၁၁၃ ခုနှစ်၊ ပဲခူးသားတို့ အင်းဝကို သိမ်းယူရန် ရေအားကြည်းအားဆန်တက်လာကတည်းကပင် မိမိတို့ ကံကြမ္မာ တစ်စခန်းသစ်ခဲ့လေပြီ။ မှတ်မှတ်ရရ ၁၁၄ ခုနှစ်၊ တန်ခူးလဆန်း (၈) ရက်နေ့ကပင် အဝမြို့ ရန်သူ့လက်ထဲတွင် ပျက်ရလေသည် ။ ထီးသုဉ်း နန်းသုဉ်း မြို့သုဉ်းဖြစ်ရချေ ။

နယ်ချဲ့လိုသော တိုင်းတစ်ပါးသားတို့ သည် ပဲခူးသားတို့ အား မီးကူးသေနတ်ခဲယမ်းမီးကျောက် များ ပေး၍ စစ်မှုလည်း ထမ်းကြသည် ။ အဝဘုရင် “မဟာဓမ္မရာဇာဓိပတိ” နှင့် အပေါင်းပါတို့ လည်း ဟံသာ ဝတီ (ပဲခူး) သို့ ပါချေသည် ။ စာဆိုအကျော်ဝန်ကြီးပဒေသရာဇာလည်း ပါရလေသည် ။ ညောင်ရမ်းမင်း ဆက် (၁၀) ဆက်မြောက်အဝဘုရင် မရှိသည့်နောက် တိုင်းပြည်သည် ဝါးအစည်းပြေသလို အစိတ်စိတ် အမြွာမြွာပြိုကွဲသည် ထက် ပြိုကွဲခဲ့သည် ။

ပဲခူးသားတို့ သည် အဝကို သိမ်းပိုက်သည် နှင့် ရွှေနန်းတော်မှ စ၍ မိုးထိကျောင်း၊ မှန်စီကျောင်း စသော ကျောင်းကန်ကျီတော်အိမ်ရာများ

ကို အကုန်အစင်မီးတိုက်ကြသဖြင့် ရဟန်းရှင်လူပြည်သူအပေါင်း တို့ မှ ကိုးကွယ်ရာမရှိ ဆင်းရကြီးစွာ ရောက်ကြကုန်သည် ။ ထို့နောက် အဂမင်းပိုင်း နယ်ပယ်အတွင်းရှိ မြို့စာရွာစား စော်ဘွားစော်ခံတို့ အား သစ္စာရေတိုက်လျက် ရှိလေ၏ ။

မြောက်ဘက်ရှိ မတ္တရာ အုတ်ဖိုတို့ မှ တွေ့ရှမ်းတို့ သည် လည်း ဂုဏ္ဏာ အိမ်ခေါင်းဆောင်လျက် အနီး အပါး မြို့ရွာများကို လက်အောက်ခံအဖြစ် သိမ်းသွင်းလေသည် ။

"ကိုရင် ဘဇာကို တွေးသလဲ"

အေးမြ မေးခွန်းကား ငမျိုးစံ၏ အတွေးများကို ရပ်နားစေသည် ။

"ကျုပ်တို့ မြို့ရွာ ကာကွယ်ရမယ့် အရေးတွေကိုပေ့ါ"

"သည် ယနေ့ ရဲဘော် ခြောက်ကျိပ်ရှစ်ယောက်အပြင် ကျေးရွာ ၄၆ ရွာက ရွာခေါင်းတွေလည်း ပါသယ်ဆို ကိုရင်။ ထမင်းစားချိန်က အကျွန့်ဘထွေး ဦးအောင်သာ ပြောလို့ သိရသယ်"

"အိမ်း"

"ဘယ်ကျေးရွာတွေ ပါသလဲ"

"ယခု အမိတို့ နေတဲ့ မုဆိုးဘိုရှေ့ရပ်ကစပြီး တောင်အရပ်၊ ဖောင်ဝန်တိုက်အရပ်၊ မြို့မြေက်ကျီရပ်၊ ချောင်းဦး၊ ဟန်လင်း၊ မုဆိုးချုံ၊ ကျုပ်တို့ ယင်းမာကန်၊ ယင်းတော၊ မင်းရွာ၊ သပြွက်တော၊ ပိတ်တောရွာ၊ မန်းကျည်းတုံ၊ ရှားတော၊ ယင်းပါ၊ ပန်းတောင်၊ ကနောင်ဝန်း ဆိုသဟာတွေပဲ။ မုဆိုးဘိုနားတစ်ဝိုက် **၁၈ တိုင်** * ပတ်လည် အတွင်းရှိတဲ့ ကျေးရွာတွေပေ့ါ"

ငမျိုးစံသည် လိမ်ပြီးဆေးလိပ်ကို ဝါးချည်နှင့် ရစ်ချည်ပြီး ဆေးလိပ်

ကို ခေါင်းမှ ပါးစပ်နှင့်မှုတ်၍ မီးညှိ သောက် လိုက်လေသည် ။

"အကျွန်တို့ မုဆိုးဘိုရွာစား ဦးအောင်ဇေယျ ကြံရည်ဖန်ရည်ကောင်းလှသယ် ကိုရင်ငဲ့။ မုဆိုးဘို ပတ်လည် သစ်တပ်ဆောက်တည်သဟာကိုသာ ကြည့်ပါရော့"

"အိမ်း. . . . တာပေါင်း ၄၇၀ ရှိတဲ့ ထန်းလုံးတပ် ပစ္စင်ရင်လျှောက်ကတုတ်၊ ရင်တား၊ ကျုံးမြောင်းနဲ့ အခိုင်အမာ ခံတပ်လုပ်ထားသယ်။ ဒါတင်မက ၄၆ ရွာက လက်နက် ဆင်မြင်းကိရိယာ တို့ ကိုလည်း ထန်းလုံးတပ်ထဲ သွင်းထာသယ်။ တပ်ပြင်ရှိတဲ့ ဆည်ကန်ရေတွင်းကိုလည်း အကြွင်းမရှိ ဖျက်သိမ်းထားသယ်မဟုတ်လား။ ပူစရာ မလိုပေါင်ပါ အေးမြင့"

"သို့ပေသိ ကိုရင်၊ မွန်တပ်တို့ မြန်မာပြည်အနှံ့ ဗိုလ်ခြေအင်အား များလှပါဘိ"

"ရန်သူအင်အား များ သာကို ဘဇမှုရမည်လဲ အမိငဲ့။ ကျုပ်တို့ တစ်ပါးကျွန် အဖြစ်မခံလိုက်ဘူး။ သဟာကြောင့်လည်း ကျုပ်တို့ တောင်သူလယ်လုပ်သမားများကို ဦးအောင်ဇေယျက စည်းရုံးပြီး စစ်ရေး ကျင့်စေသာပေ့ါ။ သာ့အပြင် စစ်ပွဲမဝင်ဖူးသေးတဲ့ ဆင်မြင်းတို့ ကိုတောင်မှ မီးအိုးယမ်းအိုး ဖောက်ခွဲပြီး ကျင့်သားရအောင် နားယဉ်စေသယ်"

"ကိုရင် သည် လိုပြောတော့လည်း အကျွန်အားတတ်လှသယ် ကိုရင်ငဲ့"

"ဘောက်မဲ့ပူသလဲ အမိ၊ သဟာ ကျုပ်တို့ ယောကျ်ားသားတွေရဲ့ အလုပ်ပါ"

အေးမြ၏ လည်နေသောချားသည် ရုတ်တရက်သော် ရပ်သွား၏ ။ ထိုနောက် တွေတွေလေးငေးကာ -

“စစ်မက်အရေးဆိုတော့ ပူမိသယ် ကိုရင်”

သည် အခါတွင် ငမျိုးစံက ရွှင်ပျသောစိတ်နှင့် ပြုံးရယ်ရင်း အေးမြအား ကျီစယ်လိုသောကြောင့် -

“အမိက မုဆိုးမ ဖြစ်မည်ကို ပူသလား”

“ပြက်ရယ်ရန်ကော၊ အကျွန်က အသူ့မုဆိုးမ ဖြစ်ရမှာ လဲ။ အကျွန်က အသူနဲ့ မှ မဆိုင်ပေါင်ပါ”

အေးမြက မျက်စောင်းဝင့်ကာ ပြော လိုက်လေသည် ။ အနီချိပ်ဆိုးထဘီ၊ သစ်ခေါက်ဆိုး ဖျင်အကျႌ နှင့် အေးမြကား ငယ်မူငယ်သွေး မပျောက်သေးပေ။ အကလေးငယ်ပမာ အပြစ်ကင်းစင်သောရုပ်သွင် ရှိ

လေသည် ။ သို့သော်လည်း သူ၏ဖွံ့ထားသောကိုယ်၊ ပြည့်တင်းသော အသားအရေတို့ ကမူ တစ်ဖက်လူကို အသက်ရှူမှားစေသည် ။

“အမိ . . အဟုတ် အသူနဲ့ မှ မဆိုင်ဘူးလား”

“မြွေပွေးကိုက်ရစေရဲ့ . . . . မဆိုင်ပေါင်ပါ”

“သဟာဖြင့် ထွေရာစိတ်ကူးဖြင့် မှန်းတဲ့ လူများကော မရှိဘူးလား”

သည် အခါတွင် မူ အေးမြက သဘောကျနှစ်ခြိုက်စွာ ရယ်လျက် ခေါင်းကို ညိတ်ပြရင်း”

“ရှိပြီလား ကိုရင် . . . ရှိသဟာပေါ့”

“အသူလဲ”

“အသူဖြစ်ဖြစ်ပေါ့”

အေးမြက ပြုံးစစမျက်နှာထားနှင့် ဖြေ၏ ။ ငမျိုးစံက အာမလို အားမရ မျက်နှာထားနှင့် အေးမြအား လှမ်းကြည့်ကာ -

“ဖြေလေ . . .အသူလဲ”

အေးမြကား ငမျိုးစံထက် ကြီးရင့်ဟန် လည်ပတ်သော အမူအရာမျိုးနှင့် ရပ်၍ သာ နေသည် ။ ငမျိုးစံ သည် ကွမ်းသီးစိတ်ခြမ်းတစ်စနှင့် အေးမြအား လှမ်းပေါက်လိုက်သည် ။ အေးမြသည် သဘောကျနှစ်ခြိုက်စွာ ရယ်မောနေရာမှ ရုတ်ခြည် တည်ကြည်သော မျက်နှာဟန်ပန်နှင့် -

”အကျွန်က ပန်းသိပ်ကြိုက်သယ် အစ်ကို။ ပန်းကို အမြဲပန်လိုသယ်”

“သဟ ဘာဆိုင်သတုံး”

“ဆိုင်သာကို အကျွန်ပြောတာ နားထောင်ရင် အကိုသိလိမ့်မယ်ပ”

“ကိုင်း သဟာဖြင့်ပြော”

“ပန်း . . . ပန်းပါရလို. . . . ပန်ရရင်လည်း ပန်းများ သခင် ဂေါသဇင်မှ အကျွန်ကြိုက်သယ် ကိုရင် ငဲ့”

“ကျုပ်နှမစကား သယ်ဝင့်ဝါလိုက်ပါလား”

“ဝင့်ရသယ် ကိုရင်၊ အကျွန်တို့ မဆိုးဘိုသူဟာ ခုခါမယ် အဂ္ဂမြို့သူတွေထက် ပိုလို့ ဇာတိစိတ် ပြင်းထန်းတော့သယ်။ သဟာကြောင့် . . . .”

“သဟာကြောင့် . . . .ဆိုစမ်းပါဦး”

“သာ့ကြောင့် အကျွန်ထွေရာစိတ်ကူး ရည်မှန်းသူဟာလည်း ခြင်းခြင်းတောက်တဲ့ လူမှ သာ ဖြစ်လိမ့် မယ်”

“ခြင်းခြင်းတောက်တဲ့ လူ”

“ဟုတ်သယ် ကိုရင်”

“သဟာဖြင့် အမိစိတ်ထဲ ခြင်းခြင်းတောက်တဲ့ လူဟာ အသူများ ဖြစ်

နိုင်မည်လဲ၊ ဆိုစမ်းပါဦး”

ငမျိုးစံက စိတ်အားထက်စွာ မေး လိုက်လေသည် ။ အေးမြသည် သာမန်အေးမြ မဟုတ်ပါလေ။ “လုပ်အားလည်း ကူ၊ လုံ့လထူ၊ တောင်သူဘ ၀၊ ကောက်စိုက်မ” ဟူသော စကားအရ လူလားမြောက် သော ဘ၀တာတွင် ပျိုးနုတ်၊ ကောက်စိုက်၊ သို့မဟုတ်လျှင် မောင်းစင်၌ မောင်းထောင်း၊ ဆန်ပြာ၊ ရေခပ်ချက်ပြုတ်လုပ်ကိုင်ခြင်းဖြင့် အချိန်ကုန်ခဲ့သလို ညအခါတွင် အိမ်တွင်း၌ ချည်ထည် ဗိုင်းငင် အလုပ်တို့ ကို လုပ်ရလေသည် ။

“ဗိုင်းမူ ဝါမူ၊ ညီစေတုသို့၊ ဖန်ပြုဖန်ကြိတ်၊ အိမ်လုံးတိတ်မျှ မဆိတ်မညံ ချည်ငင့်သံလည်း ၊ တစ်ရံမ ပြတ်၊ ချားရဟတ်နှင့်၊ ချည်သွတ်မချာ၊ ချည်စာယူက၊ မအားကြတည့်” ဆိုသည့် စာဆိုနှင့်အညီ တစ်ရံတစ် တစ်မျှ အားလပ်ချိန် မရရှာပေ။ ထို့ပြင် “ချည်ချချည်ရှယ်၊ လုပ်ဖွယ်မပျက်၊ လက်ရက်ယဉ်ခုံ” ဟု ဆိုဘိသ ကဲ့သို့ ရက်ကန်းခုံမှာ လည်း အလုပ်ဝင်ကြရလေသည် ။

ထို့နောက် သူ့ဘထွေး ဦးအောင်သာထံမှ သင်ရိုးအတိုင်း သင်ပုန်းကြီး၊ မင်္ဂလာသုတ်စသော စာပေများကိုလည်း သင်ကြားတတ်မြောက်ခဲ့လေသည် ။ ငမျိုးစံသည် အေးမြား မိမိသာမဏောဘဂက ကိုရင်ဝတ်စဉ်ကပင် သိကျွမ်းခဲ့သည် ။ သည် တုန်းကဆိုလျှင် အေးမြသည် တစ်ဆယ့်နှစ်နှစ် သမီးသာ ရှိသေးသည် ။ ယခု အေးမြကာ ယခင်ကလို အကလေး မဟုတ်ပေပြီတကား။

ငမျိုးစံ၏ အမေးကို အေးမြက ရုတ်တရက် အဖြေမပေးသော်လည်း ငမျိုးစံ ပြန်ချိန်သင့်၍ ပြန်ခါနီး မှ -

“အကျွန်ပြောတဲ့ ခြင်းခြင်းတောက်သူဟာ ပွဲဝင်ပြီးသူလည်း ဖြစ်ရမယ်”

အေးမြက အပြုံးရွှင်ရွှင်နှင့် ဖွင့်ဟ လိုက်လေသည် ။ သူ၏ မျက်လုံးကြီးများကား လရောင်နည်းတူ ရွှန်းလက်နေသည် ။ ငမျိုးစံ ကား အနှီမျက်လုံးများကို ဆိုင်မကြည့်ရဲ။ ပသို့မသိ ရင်ဖိုမိလေသည် ။ မြ င်းရည်တက်ဝင် ဖြစ်ပေသိလည်း ပွဲမဝင်ရသေးသော ငမျိုးစံကား ဘာ ကိုဆိုရမည် မသိဘဲ နှုတ်ဆွံ့၍ သာနေမိသည် ။

လရောင်ရိပ်ဝယ် လူခြေတိတ်သည် ကြောင့် ထိပ်ထိပ်ရင်မှာ ခုန်မိသ ည် ။ အေးမြ၏ ဖခင် နှင့် အမိကို လည်း မိသားဖသားပီပီ အေးမြအား စ ကားပြောဆိုရန် အခွင့်တောင်းပြီးဖြစ်သောကြောင့် အဖ နှင့် အမိ တို့ သ ည် လည်း အိမ်ပေါ်ထပ်တွင် စိတ်ချလက်ချ နေကြသည် ။ အေးမြတို့ ၏ မိသာစုတွင် ဩဇာတိက္ကမ ကြီးသော ဘထွေး ဦးအောင်သာ ကိုယ်တိုင် ကလည်း ငမျိုးစံနှင့် အေးမြကို စိတ်တူဟန်ရှိလေသည် ။

သို့ပေမင့် အေးမြက ပန်ပါရလို ပန်ရလျှင်လည်း ပန်းများ သဖြင် ဂေါ်သဇင်တဲ့ ။ ကြင်ပါရလို ကြင်ရ လျှင်လည်း ခြင်းခြင်းတောက်သည့် လူမှ သာတဲ့ ။

"ချင်း စကားကို ချင်းမှတ်ထားရော့" ဟု ငမျိုးစံက ကျိတ်၍ တွေး ကား ပြန်မည်ဟန်ပြင်သည် ။

"ကျပ်. . . ပြန်တော့မယ် အမိ"

"အိမ်း . . . ကိုရင် အောင်ပွဲရအောင် အကျွန်ဆုတောင်းရစ်မယ်"

"အိမ်း . . ကိုရင် အောင်ရမယ်ပ။ အရှုံးမရှိပါဘူး။ နိုင်ရင်နိုင် မနိုင် သေသည် နှစ်လမ်းပဲရှိမယ်။ သေမြေကြီး ရှင်ရွှေထီးဆိုသာလိုပေ့ါ"

"ကိုရင်မှာ ယောကျ်ားကောင်းစိတ်ရှိလို့ အကျွန် ဂမ်းသာသယ် ကိုရင် "

“ချည်ခင်စ ကို လက်ဆောင်အဖြစ် မပေးတော့ဘူးလား”

“ရပါသယ် . . .ဟောသည့် ချည်ခင်ဟာ အကျွန့်လက်ဆောင်ပေ့ါ” ကို ရင့် ကိုယ်နဲ့ မကွာသာ ထား ပါလေ”

ငမျိုးစံသည် အေးမြကမ်းပေးသော ဝါချည်ခင်ကလေးကို နှစ်သက်မြတ်နိုးစွာ လှမ်းယူပြီးနောက် အေးမြအား ကြင်နာစွာလှမ်းကြည်ကာ ခေါင်းကို ညိတ် လိုက်လေသည် ။ ထို့နောက် ဆေးလိပ်တောင်း ဘေးတွင် ချထားသော ကျောက်ပျဉ်တွင် အေးမြသွေးထားသည့် သနပ်ခါးကို လက်ညိုးနှင့် ကောက်ယူ လျက် သူ့နဖူးတွင် အမှတ်တရ သုတ်လိုက် လိုက်လေသည် ။ ထုံစံဖြစ်သော်လည်း ငမျိုးစံ၏ စိတ်ထဲ၌ ကား ထူးကဲစွာ ကြည်နူးခြင်း ဖြစ်မိသည် သာတည်း။

ငမျိုးစံ၏ ရင်ထဲတွင် တီးတိုးစကား ဆိုဟန်ကား “နောက်တစ်ခါ လာလည်ရင် အေးမြရဲ့ သနပ်ခါးခွက်မှာ ကန့်ဗလူ အမွှေးအကြိုင် ထည့်ရမည်။ ကျူပ်ကို စကားလက်ခံပြောရင်း ချင်းကိုယ်တိုင် ဆေးလိပ် လိပ်ပေးရမည်။ နှမကြီးမယ့်ကို လိုချင်ရင် တပေါင်းငယ်မှ တန်ခူးမှာ ရွှေဖီဦးကို ခူးလှည့်ပါရှင် လို့ ပြောရမယ်ဟရို့ရဲ့ ” ဟူ၏ ။

* * * * * * *

---

**ဝဲလင်းဆောင်** * = ရှေးအခါက အိမ်များ တွင် ရှိသော အိမ်နောက်ဆွယ်ဘက်၌ အကာမရှိ၊ အိမ်အမိုး နှင့် တစ် ဆက်တည်း တွဲထားသော အဆောင်ပို။ လူပျိုကာလသားတို့ အပျိုများ ရှိရာ လာရောက် လည်ပတ်လေ့ ရှိသောနေရာ။

**၁၀ တိုင်** * = တစ်တိုင်ကို ၂ - မိုင် နီးပါးခန့်ရှိရာ ၁၀ တိုင်တွင် မိုင် ၂၀ ခန့် ခန့်မှန်းသည် ။